
# ရွေးကောက်ပွဲမကျင်းပခဲ့သော မြို့နယ်များ

## နောက်ခံအကြောင်းနှင့် ရည်ရွယ်ချက်

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ရက်နေ့တွင် မြန်မာနိုင်ငံတဝန်းလုံး ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲ ကျင်းပခဲ့သည်။ သို့သော် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ လွတ်လပ်၍တရား မျှတသောရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် နှင့် ပဲခူးတိုင်းတို့အတွင်း မြို့နယ် ၇မြို့စီနှင့် ကျေးရွာအုပ်စုပေါင်း ၆၀၀ ခန့်တွင် ရွေးကောက်ပွဲ ဖျက်သိမ်းခဲ့ပါသည်။ဤဆောင်းပါးပါ အချက်အလက်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ထုတ်ပြန်ကြေညာချက်များကို ရင်းမြစ်ထား၍ ရေးသားပါသည်။ ဤဆောင်းပါးသည် ရွေးကောက်ပွဲမပြုလုပ်နိုင်သော မြို့နယ်များနှင့်ကျေးရွာများ ကို ဖော်ပြခြင်းအားဖြင့် ကြားဖြတ်ရွေးကောက်ပွဲမကျင်းပါက တိုင်းနှင့်ပြည်နယ် လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွင် လစ်လပ်နေရာများကို မီးမောင်းထိုးပြလိုရန် ရည်ရွယ်သည်။




ပုံ- ၁ ရွေးကောက်ပွဲ မကျင်းပခဲ့သော မြို့နယ်များ

ရှမ်းပြည်နယ်ရှိ ပန်ဆန်း၊ ပန်ဝိုင်၊ မိုင်းမော၊ နားဖန်း၊ မိုင်းလား၊ မိုင်းရှူး၊ ကျေးသီး စသည့် မြို့နယ် ၇ခုလုံးတွင် ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ပါ။ ထို့အပြင် မူဆယ်၊ ကုန်းကြမ်း၊ မန်တုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းယောင်း၊ မိုင်းတုံ၊ မက်မန်း၊ တန်ယန်း မြို့နယ်များရှိ အချို့သောကျေးရွာ အုပ်စုများ တွင်လည်း မဲဆန္ဒခံယူခြင်းမပြုလုပ်နိုင်ပေ။ မိုင်းမော၊ ပန်ဝိုင်၊ နားပန်း၊ ပန်ဆန်း၊ မက်မန်း မြို့နယ်များ သည် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသတွင် ပါဝင်သည်။

ကချင်ပြည်နယ်ရှိ မချမ်းဘော၊ ဆွမ်ပရာဘွမ်၊ ခေါင်လန်ဖူး၊ ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော်၊ အင်ဂျန်းယန်၊ မံစီ၊ တနိုင်း၊ ရွှေကူ မြို့နယ်များအတွင်းရှိ အချို့သော ကျေးရွာအုပ်စုများတွင် မဲဆန္ဒခံယူပွဲများမပြုလုပ်ပေ။ ကချင်ပြည်နယ်အတွင်းရွေးကောက်ပွဲမပြုလုပ်နိုင်သော ကျေးရွာအုပ်စု စုစုပေါင်း မှာ ၂၂၁ရွာခန့်ဖြစ်သည်။

ကရင်ပြည်နယ်တွင် ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီး၊ မြဝတီ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်များအတွင်းရှိ ကျေးရွာအုပ်စုအချို့မဲဆန္ဒခံယူပွဲများကို ရုတ်သိမ်းခဲ့သည်။ ထို့နည်းတူစွာ မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ဘော်နော်ကြီး ကျေးရွာအုပ်စုတွင်လည်း မဲဆန္ဒခံယူခြင်း မရှိခဲ့ပါ။ ပဲခူးတိုင်းတွင် ကျောက်ကြီးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၂ စု နှင့် ရွှေကျင်မြို့နယ်အတွင်း အုပ်စုကျေးရွာ ၂၉ စုတွင် ရွေးကောက်ပွဲကျင်းပခြင်းမရှိခဲ့ပါ။

ရွေးကောက်ပွဲ ရုတ်သိမ်းခြင်း၏အကျိုးသက်ရောက်မှုမှာ ရှမ်းပြည်နယ်တွင် အထိနာခဲ့ပြီး နှင့် ပြည်သူ့လွှတ်တော်တွင် (၇) နေရာနှင့် ရှမ်းပြည်နယ်လွှတ်တော်တွင် ၁၄ နေရာ လစ်လပ်ခဲ့သည်။ မဲဆန္ဒခံယူခြင်းကို နေရာဒေသအချို့တွင် ရုတ်သိမ်းခဲ့သော်လည်း တိုင်းနှင့် ပြည်နယ်လွှတ်တော် နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်စလုံးတွင် တပ်မတော်သားကိုယ်စားလှယ်များ ပါရှိနေသည်။ ထို့ကြောင့် ကြားဖြတ်ရွေးကောက်ပွဲမပြုလုပ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြဌာန်းသော တပ်မတော်သား ကိုယ်စားလှယ်ပါဝင်မှုမှာ ၂၅%ထက် များနေမည်ဖြစ်သည်။

**ကိုးကား**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၅ အောက်တိုဘာလတွင်း ထုတ်ပြန်ချက်များ
၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ

# Townships Where Elections Were Cancelled

The 2015 general elections were held on 8th November 2015 across Myanmar. However, the elections were cancelled in 7 entire townships and around 600 village tracts nationwide, namely Kachin, Kayin, Mon, Shan states and Bago regions, which were deemed unsuitable for free and fair elections by the Union Election Commission. The data used in this article is derived from the UEC notifications. The data used in this article is derived from the UEC notifications. This article aims to highlight vacant seats in Pyithu hluttaw and state/region hluttaws unless by-elections are conducted while providing the number of townships and village tracts with no election.





**Figure 1: Townships Where Elections Were Cancelled**

In Shan State, elections were called off in seven entire townships: Hpansan, Hpan Wain, Mongmaw, Napham and Mongla, Monghsu and Kyethi. In addition, some village tracts in Muse, Kongyan, Mantong, Mongkhet, Mongyang, Mongyawng, Mongtong, Metmong and Tangyan townships did not hold polling. Mongmaw, Hpan Wain, Napham, Hpansan and Metmong are in "Wa" Self-Administered Division.

In Kachin State, some village tracts in Machanbaw, Sumprabum, Kawnglanghpu, Waingmaw, Chibwe, Hsawlaw, Injangyang, Mansi, Tanai and Shwegu Townships did not hold elections. In Kachin state alone, the number of village tracts where the elections were cancelled amounted up to 211 in total.

In Kayin State, elections were called off in some village tracts in Hpa-an, Hlinebwe, Phapun, Thantaunggyi, Myawady, Kawkareik and Kyainseikkyi Townships. Similarly, there was no polling in Bawnaw Khee village tract in Bilin Township, Mon State.

In Bago Region, elections were not held in 12 village-tracts in Kyaukkyi Township and 29 wards and village-tracts in Shwekyin Township.

The cancellations particularly affected Shan State, which in turn resulted in seven vacant seats in Pyithu Hluttaw and 14 vacant seats in Shan State Hluttaw. Despite the poll cancellations, the military representatives took the full-designated seats both in Pyithu and state/region hluttaws. This indicates that, unless by-elections are held, the military representation is higher than the 25 per cent prescribed in the Constitution.

**References**

Union Election Commission's Notifications in October, 2015

The Constitution of Myanmar (2008)